
ရိုးရိုး
လုံးချင်းဝတ္ထုရှည်
နတ်ဆိုးများရဲ့ သံတမန်
စောင့်နေသလား?
စောင့်ခံနေရသလား?
အတိတ်မှန်းသိရဲ့သားနဲ့

**စေခိုင်းနေတာလား?**

**စေခိုင်းခံနေရတာလား?**

**အဆိပ်မှန်းသိရဲ့သားနဲ့**

**သောက်ရတော့မယ့်နောက်**

**ပြုံးခွင့်တော့ ပြုပါဦး။**

*

## အခန်း (၁)

“လာနော်... အိမ်ထဲကို ဝင်ကြေးက တစ်ယောက်မှ တစ်ရာတည်း။ တစ်ယောက်မှ တစ်ရာတည်း”

အသံခပ်စွာစွာလေးနဲ့ အော်ပြောနေတဲ့ ကောင်လေးရဲ့ နာမည်က တမူးတဲ့။ ဒီနာမည်ကို ဘာ့ကြောင့်ရတာလဲဆိုတော့ သူက တစ်မူးရ တစ်မူးယူ၊ တစ်ပြားရ တစ်ပြားယူတတ်တဲ့ကောင်မျိုးလေးလေ။ ငယ်စဥ်တည်းက မိဘမဲ့။ လမ်းပေါ်မှာ ကြီးပျင်းခဲ့ရတာ။ အခုတော့ သူ့အသက်က ၁၀

နှစ်လောက်ရှိပြီပေါ့။

သူက အတတ်မျိုးစုံတတ်တယ်။ ဖဲရိုက်တတ်တယ်၊ ဂျင်ဆော့တတ်တယ်၊ ကြက်တိုက်တတ်တယ်၊ လိမ်တတ်တယ်၊ ခါးပိုက်နှိုက်တတ်တယ်၊ ခိုးတတ်တယ်။ ဒါပေမဲ့ တမူးက စာတစ်လုံးမှတော့ မဖတ်တတ်ဘူး။

အခုလောလောဆယ် တမူးက ဒေါ်သစ်ခက်တို့အိမ်မှာ ကပ်နေတာလေ။ ဒေါ်သစ်ခက်တို့ဆိုတာကလည်း တစ်နေ့လုပ်၊ တစ်နေ့ စား။ တစ်လုံး၊ နှစ်လုံး၊ သုံးလုံး လောင်းကစားကို မက်မောတဲ့အိမ်။ ဒေါ်သစ်ခက်ရဲ့ယောကျ်ားနာမည်က ဦးမိုးနိုင်။ ဦးမိုးနိုင်ကတော့ အနေအေးတယ်။ သတင်းစာ တစ်စောင်ရရင် ကျေနပ်နေတဲ့လူ။ အနေအေးလွန်းလို့ အိမ်ရဲ့စားဝတ်နေရေးကိုတောင် စိတ်မဝင်စား တဲ့ယောကျ်ားမျိုးပေါ့။ ဒေါ်သစ်ခက်က ကလေးနဲ့မလိုက်အောင် အတတ်ကြီးတတ်နေတဲ့ တမူးကို သိပ်ချစ်လွန်းလို့ မွေးစားထား တာ။ ဒေါ်သစ်ခက်မှာ တမူးနဲ့ မတိမ်းမယိမ်းအရွယ် သမီးတစ်ယောက်ရှိတယ်။ ဘုတ်ဆုံတဲ့။ ရှူးတူးတူးပေါ်တောတောလေး။ နောက်ပြီး သားငယ်လေးတစ်ယောက်ရှိတယ်။ နာမည်က အငယ်ကောင် တဲ့။ ဂျစ်တီးဂျစ်ကန်နဲ့ကောင်ကလေးပေါ့။ အငယ်ကောင်က တမူးလို လူချစ်လူခင်မများဘူး။ တစ်နေ့လုံး စက်ဘီးငွေလိမ့်ရင်းနဲ့ အချိန်ကုန်နေတယ်လေ။

ဒေါ်သစ်ခက်တို့အိမ် စားဖို့သောက်ဖို့ ဝင်ငွေရနေတာ တမူးကြောင့်လို့ပြောရင် အံ့ဩမလား။ မအံ့ဩနဲ့။ လောင်းကစားဝါသနာပါတဲ့ ဒေါ်သစ်ခက်ကို တမူးက ဦးဆောင်ပြီး ဖဲဝိုင်းထောင်တယ်။ အရင်က ဖဲဝိုင်းထောင်ရင် ဖဲဝိုင်းထဲဝင်ခဆိုပြီး ပိုက်ဆံကောက်ရမှန်း ဘယ်သူမှ မသိဘူး။ ဒါပေမဲ့ လူလည်တမူးကတော့ သူတို့အိမ်မှာ ဖဲလာရိုက်သမျှလူတွေ

ဆီက တစ်ယောက်တစ်ရာတောင်းတယ်။ ဆယ်ယောက်ဆို တစ်ထောင်။ ဒါဆို အိမ်စျေးဖိုးလောက်ပြီ။ ဖဲဝိုင်းက လူတွေစားဖို့သောက်ဖို့လည်း တမူးက အပြေးအလွှား ဝယ်ပေးရသေးတယ်။ အအေးတစ်ခွက်ကို ငါးဆယ်ဆိုရင် တမူးကိုဝယ်ခိုင်းရင် တစ်ရာပဲ။ တမူးက အဲဒီလိုလည်း အမြတ်ထုတ် သေးတယ်။

တမူးခပ်ငယ်ငယ်က ဒေါ်သစ်ခက်ရဲ့အိမ်က ရိုးရိုးတဲအိမ်လေး။ အခု တမူး ၁၀ နှစ်လောက်လည်းရောက်ရော တမူးက အိမ်ကို ပျဉ်ထောင်အိမ်ဖြစ်အောင် ဆောက်ချင်တယ်လေ။ ဒီတော့ ရသမျှငွေကို စုတယ်။ ပြီးတော့ အိမ်ကို တဆင့်ဆင့်နဲ့ ဆောက်လာတာ အခုဆို တမူးတို့အိမ်က သိပ်တော့ မခမ်းနားပေမဲ့ ပျဉ်ထောင် ၂ ထပ်အိမ်ဖြစ်လာပြီပေါ့။ အဲဒီလို မိသားစုအတွက် သိတတ်ပြီး လဒ်မြင်တဲ့ တမူးကို ဒေါ်သစ်ခက်က ရင်နဲ့လွယ်မွေးထားတဲ့ ကလေးတွေထက်ပိုချစ်တယ်။ တမူးက ဒေါ်သစ်ခက်ကို အမေသစ်လို့ခေါ်တယ်။ ဒေါ်သစ်ခက်ရဲ့ကလေး ၂ ယောက်ကတော့ ဒေါ်သစ်ခက်ကို မေမေလို့ပဲ ခေါ်ကြတယ်လေ။

တမူးက စာမတတ်တာ တစ်ခုပဲ အားနည်းချက်ရှိတာ။ လူမှုဆက်ဆံရေးလည်း သိပ်ကောင်းတယ်။ အသံကြားသနား၊ မျက်နှာမြင်ချစ်ခင်ဆိုတဲ့ ဆုတောင်းက တမူးမှာ အပြည့်ပါခဲ့တယ်လေ။ နောက်ပြီး တမူးရဲ့ ပင်ကိုယ်စိတ်ထားက ဖြူစင်တယ်။ သူတပါးကို ကူညီတတ်တယ်။

တမူးတို့က နယ်မြို့လေးတစ်ခုရဲ့ ဆင်ခြေပုန်းရပ်ကွက်ထဲမှာ နေထိုင်ကြရတာလေ။

*

“ညှော်သည်လာတယ်...”

“ဘယ်သူ့ဆီကိုလဲ...”

“မိုးပန်းချီဆီကို...”

မိုး ဒီဂေဟာကိုရောက်နေတာ မွေးစကတည်းက ဆိုပါတော့။ ဒါက မိဘမဲ့ကလေးဂေဟာလေ။ မိုးသိသလောက်ကတော့ မိုးတွေရွာနေတဲ့ ညဉ့်နက်တစ်ခုမှာ မိုးမေမေက ကိုယ်လေးလက်ဝန်ကြီးနဲ့ ဒီကျောင်းကို ရောက်လာပြီး မိုးကို မွေးဖွားပေးတယ်။ တစ်ချိန်တည်းမှာပဲ မိုးမေမေက မိုးကို နှုတ်ဆက်ကာ လူ့လောကထဲက အပြီးထွက်သွားခဲ့တယ်လေ။ ဒီတော့ မိုးကလည်း ဒီကျောင်းမှာနေ၊ ဒီကျောင်းမှာ ကြီးပြင်းခဲ့ရတော့တာပေါ့။ ပညာရေးမှာ သိပ်ကိုတော်တဲ့ မိုးကို ကျောင်းက ဆရာမတွေ သိပ်ချစ်ကြတယ်လေ။ အနေအေးပြီး ကူညီတတ်တဲ့ မိုးကလည်း ဒီကျောင်းက ဆရာမတွေကို မိဘလို ခင်တွယ်ခဲ့ရတယ်လေ။

မိုးလူမှန်းသိတတ်စတည်းက တခြားကလေးတွေဆီကိုသာ ညှော်သည်တွေလာလေ့ရှိပေမဲ့ မိုးဆီကိုတော့ ဘယ်သူမှ လာတွေ့လေ့ မရှိပါဘူး။ တွေ့ရအောင်လည်း မိုးမှာက ဆွေမျိုးသားချင်းမှ မရှိတော့တာ (မိုးသိသလောက်ဆိုရင်ပေါ့)။ မိုးမှာ ပိုင်ဆိုင်တာဆိုလို့ ဂေဟာက ပေးထားတဲ့ ဝတ်စုံလေး ၃ စုံနဲ့ မိုးမေမေ ပေးခဲ့တဲ့ လည်ဆွဲလေးတစ်ခုရယ်ပဲရှိတာ။ လည်ဆွဲလေးကလည်း သိပ်မဖိုးမတန်လှပါဘူး။ မေမေ့ပုံလေးပါတဲ့ဆွဲသီးလေးနဲ့ ဆွဲကြိုးပါးပါးလေးက ကာလပေါက်ဈေး သိန်းဂဏန်းတောင်မရှိ။ အခု မိုးရဲ့အသက်က ၁၀ နှစ်ပြည့်တော့မယ်လေ။

၁၀ နှစ်နီးပါး ဆွေမရှိ၊ မျိုးမရှိနေလာတဲ့ မိုးဆီကို ဒီနေ့မှ ထူး

ထူးဆန်းဆန်း ဧည့်သည်လာတွေ့တယ်တဲ့။ မိုးတော်တော်လေးကို အံ့ဩနေတာ။

"မိုး... ဧည့်သည်တဲ့"

"ဘယ်က ဧည့်သည်လဲဟင်?"

"ပြောရင် မိုးယုံမှာတောင် မဟုတ်ဘူး။ အခု မိုးကိုလာတွေ့တဲ့ ဧည့်သည်က ဒီမြို့ပေါ်မှာ အချမ်းသာဆုံး သူဌေးကြီးတစ်ယောက်။ သူ့နာမည် ဦးမင်းမဟာတဲ့"

မိုးက ဘာလို့ သူ့ကို ဒီလိုချမ်းသာတဲ့လူကြီးတစ်ယောက် လာတွေ့တယ်ဆိုတာ နားမလည်နိုင်ဖြစ်ခဲ့တယ်။ ဒါပေမဲ့ ဧည့်သည်လာတယ်ဆိုတော့လည်း ထွက်တွေ့ရတာပါပဲ။ ဦးမင်းမဟာဆိုတဲ့ ဦးလေးကြီးက မျက်နှာထား အရမ်းတည်တယ်။ ဧည့်တွေ့ခန်းထဲ ဝင်လာတဲ့ မိုးကို မယုံနိုင်စွာ စိုက်ကြည့်နေတဲ့ မျက်ဝန်းတွေထဲမှာ အံ့ဩမှုတွေကလည်း အပြည့်ပဲ။

"မိုးပန်းချီဆိုတဲ့နာမည်ကို ဘယ်သူပေးခဲ့တာလဲ?"

ဩဇာသံအပြည့်ပါတဲ့ အသံမျိုးကို ဦးမင်းမဟာက ပိုင်ဆိုင်ထားတာလေ။

"အဲဒါ သူ့အမေကိုယ်တိုင်ပဲ ပေးခဲ့တာပါ"

ဦးမိုးခန့်က မိုးကို စိတ်ဝင်တစားနဲ့ကို စိုက်ကြည့်ပြီးမှ လေးလေးနက်နက်မေးလာတယ်။

"မင်း စကားပြောရင် ခပ်တိုးတိုးလေး ပြောတတ်လား"

"မိုးစကားပြောတိုင်း ခပ်တိုးတိုးလေးပဲ ပြောလေ့ရှိပါတယ်"

“မင်းလည်ပင်းက ဆွဲကြိုးကို ခဏလောက်ကြည့်ပါရစေလား?”

ဦးမင်းမဟာကြည့်ချင်နေတဲ့ ဆွဲကြိုးလေးကို မိုး ခပ်သွက်သွက်လေးပဲ ချွတ်ပေးလိုက်တော့ ဦးမင်းမဟာက ဆွဲကြိုးနဲ့ ရင်းနှီးနေတဲ့ လူတစ်ယောက်ပုံစံနဲ့ ဆွဲသီးလေးကို ဖွင့်ကြည့်လိုက်တယ်။

“အဲဒါ မိုးမေမေရဲ့ ဓါတ်ပုံလေ”

ဓါတ်ပုံးကိုတွေ့လိုက်တော့ ဦးမင်းမဟာရဲ့ မျက်ဝန်းတွေ ဝမ်းနည်းသွားတယ်။

“ဒီဆွဲသီးထဲက ပုံက မင်းမေမေဆိုရင်… သူက ဦးလေးရဲ့ညီမအရင်းပဲ”

“ရှင်?”

“ဟုတ်တယ်။ သူက ဦးလေးရဲ့ ညီမအရင်း။ ဒီတော့ မင်းက ဦးလေးရဲ့ တစ်ဦးတည်းသော တူမပဲ။ ဦးလေးမှာ သက်သေ အထောက်ထား ခိုင်ခိုင်မာမာရှိတယ်။ ဒီတော့ မင်း ဒီမိဘမဲ့ဂေဟာကနေ ဦးလေးဆီလိုက်နေရတော့မယ်”

“ဟင့်အင်း။ မိုးမနေချင်ဘူး။ မိုးဒီကနေ ဘယ်မှမသွားချင်ဘူး”

*

# အခန်း (၂)

မိုးဘယ်လိုပဲ ငြင်းခဲ့ငြင်းခဲ့။ မိုးဟာ ဦးမင်းမဟာရဲ့ အိမ်ကို နောက်တစ်နေ့မှာပဲ ပြောင်းရွှေ့ခဲ့ရတယ်လေ။

"မင်းရဲ့မေမေ... ငါ့ရဲ့ညီမလေးက ကောလိပ်တက်နေရင်း ငါသဘောမတူတဲ့လူနဲ့ မေတ္တာမျှခဲ့တယ်လေ။ အကိုကို ခြေစုံကန်၊ အိမ်ကထွက်ပြေး၊ နောက်ဆုံး မိဘမဲ့ဂေဟာမှာ ကလေးမွေးရင်း သေဆုံးရတဲ့ဘဝကို ရောက်ခဲ့ရတာပဲ။ အဲဒီလို အဖြစ်မျိုး မင်းထပ်ပြီးကြုံမှာ ငါ သိပ်ကြောက်တယ်။ ဒါ့ကြောင့် မင်းကို ငါ အပြင်မှာ ကျောင်းတက်ခွင့်မပြုနိုင်ဘူး။ အိမ်မှာပဲ ဆရာခေါ်ပြီး စာသင်ပေးမယ်။ ကျောင်းရဲ့သင်ရိုးအတိုင်းပဲပေ့ါ။ ဟုတ်ပြီလား"

ဦးမင်းမဟာက အနေအထိုင် သိပ်နန်းဆန်တယ်။ မိုးအတွက် တောက်တိုမယ်ရခိုင်းဖို့ အခိုင်းစေတစ်ယောက်ခန့်ပေးထားတဲ့အပြင် မိုးအတွက် သက်တော်စောင့်တစ်ယောက်လည်း ထားပေးတယ်။ မိုးကို အဖိုးတန်တဲ့ အဝတ်အစားတွေ၊ လက်ဝတ်လက်စားတွေအားလုံး ဆင်ယင်ပေးတယ်။ အချိန်နဲ့စားရတယ်၊ အချိန်နဲ့အိပ်ရတယ်၊ အချိန်နဲ့စာသင်ရတယ်။

မိုးအတွက် စာကြည့်ခန်းကြီးတစ်ခုကိုလည်း လုပ်ပေးထားသေးတယ်။ ကျောင်းသင်ရိုးစာတွေအပြင် ပြင်ပဗဟုသုတနဲ့ဆိုင်တဲ့ စာအုပ်

တွေ အကုန်လုံး အဆင်သင့်ထားပေးထားတယ်။ အဲဒီစာကြည့်ခန်းထဲကို မိုးနဲ့ ဦးမင်းမဟာကလွဲလို့ တခြားဘယ်သူမှ ဝင်ခွင့်မရှိပဲ ဝင်လို့မရဘူး။ စာကြည့်ခန်းထဲဝင်ပြီးရင်လည်း အခန်းဝနားမှာပဲ စည်းတစ်ခုရှိတယ်။ စာကြည့်ခန်းထဲက မိုး(သို့) ဦးမင်းမဟာမခေါ်ပဲနဲ့ ဘယ်ဝန်ထမ်းမှ အဲဒီ စည်းကိုကျော်ခွင့်မရှိဘူး။ ခွင့်ပြုချက်နဲ့ပဲ ကျော်ခွင့်ရတယ်။

ဒါပေမဲ့ ဦးမင်းမဟာရဲ့ဘဝတစ်လျှောက်လုံး အဲဒီစာကြည့်ခန်းထဲက စည်းကို ကျော်ခွင့်ပေးခဲ့တာဆိုလို့ မိုးနဲ့ မိုးမေမေပဲ ရှိခဲ့ဖူးတယ်လေ။

*

ဦးမင်းမဟာရဲ့ အိမ်တံတိုင်း၊ ခြံဝန်းတံတိုင်းတွေကြားထဲမှာ မိုးဟာ စာတွေကို သင်ယူရင်း... သင်ယူရင်း တစ်နှစ်ပြီးတစ်နှစ် ကုန်ဆုံးခဲ့ရာမှ အခုဆို အသက် ၂၀ တင်းတင်းပြည့်ခဲ့ပြီလေ။

သင်ယူရင်းနဲ့ သင်ရိုးညွှန်းတွေလည်း ကုန်ဆုံးပြီးခဲ့ပြီ။ အခုဆို မိုးဟာ နိုင်ငံခြားတက္ကသိုလ်တွေမှာသင်ကြားပေးတဲ့ သင်ရိုးစာအုပ်တွေကို ဆက်ပြီး သင်ကြားနေရပြီလေ။

တစ်ရက်ကျတော့ ဦးမင်းမဟာက မိုးကို ဘာဝါသနာပါလဲလို့မေး လာတယ်။

“မင်း ဘာဝါသနာပါသလဲ?”

အဖော်မဲ့၊ သူငယ်ချင်းမရှိတဲ့ မိုးဟာ တစ်ယောက်တည်းနေရင်းနေ ရင်းနဲ့ ပုံလေးတွေကို ဆွဲမိခဲ့ရာမှ အခုဆို ပန်းချီပညာကို သိပ်ဝါသနာပါ သွားပြီလေ။

“မိုး ပန်းချီဆွဲရတာ ဝါသနာပါတယ်”

“ကောင်းပြီ။ ဒါဆို မင်းအတွက် အမြန်ဆုံး ပန်းချီဆရာတစ်ယောက် ခေါ်ပေးမယ်”

*

“တမူးရေ… သားနာမည်က တမူးသာဆိုတယ်။ ငါ့သားလေးက အမေသစ်အတွက်တော့ တန်ဖိုးမဖြတ်နိုင်တဲ့ ရတနာတစ်ပါးပါပဲကွယ်”

အမေသစ်က တမူးဆိုရင် အမြဲလို သကြားလိုချိုပြီးဆက်ဆံတာကို အငယ်ကောင်က သိပ်တော့မကျေနပ်ဘူး။ တမူးအတွက်တော့ အငယ်ကောင်က ကလေးပါပဲ။ အငယ်ကောင် ဘာတွေပဲပြောနေပါစေ တမူးက အရေးကို မထားတာ။ အငယ်ကောင်က သူ့အမေဟာ မွေးစားသားကို ပိုချစ်လို့ မကျေမနပ်ဖြစ်ပေမဲ့ တမူးကိုတော့ ကြောက်တယ်။ တမူးကလည်း အနေတည်တယ်လေ။ အခုဆို အသီးသီးအရွယ်ရောက်လာကြပြီဆိုတော့ မျှတတဲ့တမူးက လစဥ်လတိုင်း သူဘောင်းဘီတစ်ထည်ဝယ်ရင် ဘုတ်ဆုံကိုလည်း တစ်ထည်၊ အငယ်ကောင်ကိုလည်း တစ်ထည်။ အမေသစ်ကိုလည်း အမေအရင်းလိုပဲ ချစ်ခင်တွယ်တာတယ်လေ။

အခုဆိုတမူးတို့အိမ်လေးက တမူးငယ်ငယ်တုန်းကလောက် မကျပ်တည်းတော့ဘူး။ စားနိုင်၊ သောက်နိုင်လေးဖြစ်သွားပြီပေါ့။ ဒါပေမဲ့ ဒေါ်သစ်ခက်ကတော့ လောင်းကစားလုပ်နေတုန်းပဲ။ တမူးကလည်း ဒေါ်သစ်ခက်ရဲ့ လုပ်ရပ်တွေကို ဘယ်တော့မှ ရှုံ့ချအပြစ်တင်လေ့မရှိဘူး။

*

မိုးကို ပန်းချီသင်ပေးဖို့ ရောက်လာတဲ့ ပန်းချီဆရာလေးနာမည်က သံုဝေတဲ့။ ယောကျ်ားပီသတဲ့ရုပ်ရည်နဲ့ အနေအထိုင် တည်ကြည်တယ်။ ဦးမင်းမဟာက သံုဝေကို အလုပ်မခန့်ခင် အင်တာဗျူးသေးတယ်။

“မင်းက ပညာလည်းတတ်တယ်။ အနေအထိုင်လည်း တည်ကြည်တယ်။ ပန်းချီပညာလည်း တော်တယ်။ ဒီ့အတွက် ငါ့တူမကို မင်း ပန်းချီဆွဲတာ သင်ပေးပါ။ လိုအပ်တာမှန်သမျှ ငါ့ကိုတိုက်ရိုက်ပြောခွင့်ရှိတယ်။ ဟုတ်ပြီလား”

သံုဝေက စကားအပြောအဆို အဆင့်တန်းရှိတဲ့ ပညာတတ်တစ်ယောက်ဆိုတော့ ဦးမင်းမဟာက ယုံယုံကြည်ကြည်နဲ့ပဲ မိုးကို ပန်းချီသင်ခွင့်ပြုခဲ့တယ်လေ။

ဖြစ်ချင်တော့ သံုဝေဟာ မိုးကိုတွေ့တွေ့ချင်း စိတ်ဝင်စားသွားတယ်။ ဒါပေမဲ့ မိုးကတော့ သံုဝေကို ပန်းချီဆရာတစ်ယောက်ထပ် လုံးဝမပိုတဲ့ ဆက်ဆံမှုမျိုးနဲ့ ပြန်ဆက်ဆံခဲ့တယ်လေ။

သံုဝေက သူ့အပေါ် မိုးစိတ်ယိုင်လာအောင် အမျိုးမျိုးစည်းရုံးသိမ်းသွင်းတယ်။ ဒါပေမဲ့ မိုးကတော့ သွေးအေးအေးပါပဲ။ ပန်းချီကိုပဲ စိတ်ဝင်တစားနဲ့ သင်ယူခဲ့တယ်လေ။

ဒီတော့ သံုဝေက မိုးကို ဒီနံရံတွေရဲ့အပြင်ဖက်က အရမ်းကို သာယာလှပတဲ့ လောကကြီးရဲ့ လွတ်လပ်မှုတွေကို ပြောပြပြီး မိုးကို စည်းရုံးသိမ်းသွင်းတယ်။ မိုးဟာ ငယ်စဉ်ကတည်းက ဒီအိမ်ကြီးထဲမှာနေ၊ အညောင်းမိလာရင် ဒီခြံဝန်းကြီးထဲကိုဆင်း။ ဒီ့အပြင် ပတ်ဝန်းကျင်နဲ့

အဆက်ဆံလုံးဝမရှိခဲ့တဲ့အတွက် ဦးမင်းမဟာရဲ့ ခြံဝန်းအပြင်ဖက်က လောကကြီးကိုတော့ ထိတွေ့ခံစားဖူးချင်တယ်လေ။ စာတွေ၊ ဓါတ်ပုံတွေထဲမှာပဲ မြင်ဖူး၊ သိဖူးထားတဲ့ လောကကြီးရဲ့ အကြောင်းတွေကို မိုးက စူးစမ်းလေ့လာချင်လာခဲ့တယ်။

*

# အခန်း (၃)

ဒီနေ့ ဖဲဝိုင်းမှာ တမူးလက်စွမ်းပြလိုက်တာ တော်တော်လေး ပိုက်ဆံ ရလိုက်တယ်။ တမူးက အခုနေတဲ့အိမ်လေးကို တိုက်ခံအိမ်လေးဖြစ် အောင် ဆောက်ချင်နေပြီလေ။ အချိန်က ည ၁၂ နာရီလောက်ရှိမယ်။ ရာသီဥတုက အရမ်းအေးပြီး လမ်းပေါ်မှာ မြူတွေလည်း ဆိုင်းလို့။

တမူးက နိုင်ထားတဲ့ပိုက်ဆံတွေကို ရေတွက်ပြီး ခေါက်တယ်။ အငယ်ကောင်နဲ့ ဘုတ်ဆုံက အဲဒီပိုက်ဆံခေါက်တွေကို စုဗူးထဲကို ထည့် နေတယ်။

အဲဒီအချိန်မှာပဲ မမျှော်လင့်ထားတဲ့ တံခါးခေါက်သံ ခပ်ပြင်းပြင်းကို ကြားလိုက်ရပါလေရော။

"ဒေါက်... ဒေါက်... ဒေါက်..."

ဒေါ်သစ်ခက်မှအစ အငယ်ကောင်အထိ တစ်မိသားစုလုံး လန့်သွား ကြတယ်။ တံခါးခေါက်တဲ့လူက ဓါးမြတွေဘာတွေများ ဖြစ်လေမလား ဆိုတဲ့ စိတ်နဲ့ တမူး စိုးထိတ်သွားတယ်။ တပြိုင်နက်မှာပဲ တမူးက စုဗူး ကို သူစီစဉ်ထားတဲ့နေရာမှာ ဖွက်လိုက်တယ်။ ပြီးတော့ ကြွက်လျှောက် လမ်းပေါ် မှာအဆင်သင့်တင်ထားတဲ့ ဓါးတိုကို ကောက်ယူပြီး တံခါးကို ခပ်ရဲရဲသွားဖွင့်လိုက်တော့ တံခါးဝမှာ လူတစ်ယောက်။

အဲဒီလူက တမူးနဲ့ သိနေပါတယ်။

"အမေသစ်တို့ မကြောက်နဲ့။ လူစိမ်းမဟုတ်ဘူး"

တမူးက အဲဒီလူကို ဧည့်ခန်းထဲပေးဝင်လိုက်တယ်။ ဧည့်ခန်းထဲ ရောက်တော့ ထိုလူခေါင်းက ဆောင်းထားတဲ့ ဦးထုပ်လည်း ချွတ်လိုက်တော့ အဲဒီလူရဲ့မျက်နှာကို မီးရောင်အောက်မှာ ရှင်းရှင်းလေးလေးမြင်လိုက်ရတယ်။

"အော်... ဘယ်သူများလဲလို့။ မောင်သုံးဝေ။ ညဥ့်နက်ကြီးကွယ်။ ဘာကိစ္စရှိလို့လဲ"

ဟုတ်ပါတယ်။ မိုးကို ပန်းချီသင်ပေးနေတဲ့ ပန်းချီဆရာ သုံးဝေပါ။ တကယ်တော့ သုံးဝေဟာ အဆင့်တန်းမြင့်တဲ့မိသားစုက ဆင်းသက်လာတဲ့လူ မဟုတ်ပါဘူး။ ဖဲရိုက်သန်တဲ့ အဖေတစ်ယောက်ရဲ့ ပြုစုပျိုးထောင်မှုအောက်ကနေ ဘွဲ့ရထားတဲ့ လူငယ်တစ်ယောက်ပါ။

"ကိစ္စက အရမ်းအရေးကြီးလို့ ရောက်လာတာ"

"ဘာလဲ... မင်းအဖေ ဖဲဝိုင်းကို သွားပြန်ပြီလား"

"မဟုတ်ဘူး တမူး။ ငါ အခုလာတာ မင်းကို အလုပ်တစ်ခု အပ်မလို့"

တမူးဟာ ငယ်စဥ်တည်းက ဖဲရိုက်၊ ကြက်တိုက်ရင်း ကြီးပြင်းလာတာ။ တခြား ဘာမှလုပ်ဖူးတာမဟုတ်ဘူး။

"ငါက ဖဲရိုက်၊ ကြက်တိုက်တာကလွဲပြီး တခြားဘာမှ မလုပ်တတ်ဘူးဆိုတာ မင်းလည်း သိသားနဲ့ သုံးဝေရာ"

"မလိုဘူး။ မင်းမှာ ဘာအရည်အချင်းမှ ရှိနေစရာမလိုဘူး။ ငါလိုချင်တာ တစ်ခုပဲ"

“ဘာလဲ”

“မင်းက လူပေါင်းဆန့်တယ်၊ အပြောချိုတယ်။ သူများကို နားဝင်အောင်ပြောနိုင်တယ်။ မင်းစကားကို လက်ခံသွားအောင် စည်းရုံးနိုင်တယ်။ ငါလိုချင်တာ အဲဒီအရည်အချင်းတွေပဲ”

“ငါက ဘာလုပ်ရမှာလဲ?”

သုံးဝေက တမူးကို လုပ်စေချင်တဲ့အလုပ်က တခြားမဟုတ်ဘူး။ အခုဆို မိုးရဲ့ သက်တော်စောင့်လေးက အလုပ်ထွက်သွားပြီ။ မိုးအတွက် သက်တော်စောင့်တစ်ယောက်ကို ဦးမင်းမဟာက အသည်းအသန်ရှာဖွေနေတယ်။ သုံးဝေက တမူးကို သက်တော်စောင့်တစ်ယောက်အဖြစ်နဲ့ မိုးအနားကို သွားစေ့ချင်တာ။ သွားပြီး မိုးကို သက်တော်စောင့်လုပ်ပေးရင်းနဲ့ မိုးရဲ့ စိတ်တွေ သုံးဝေ့အပေါ် ယိုင်လာအောင် အောင်သွယ်လုပ်ပေးခိုင်းတာ။ အောင်သွယ်ဆိုတာထက် စည်းရုံးသိမ်းသွင်းခိုင်းတာပေ့ါ။

“နေစမ်းပါဦး... ငါက အဲဒီလို လုပ်လိုက်လို့ မိုးဆိုတဲ့မိန်းမက မင်းအပေါ်စိတ်ယိုင်သွားပါပြီတဲ့။ နောက်တော့ မင်း ဘာဆက်လုပ်မှာလဲ”

“စိတ်ယိုင်သွားရင် ငါက သူ့ကို ယူလိုက်မှာပေ့ါကွ”

“မင်းယူရင် သူ့ဦးလေးက သဘောတူပ့ါမလား”

“မတူလည်း ခိုးပြေးမှာပေ့ါ”

“ခိုးပြေးပြီးတော့...”

“လက်ထပ်လိုက်မယ်။ ပေါင်းသင်းလိုက်မယ်လေ”

သုံးဝေက မိန်းမတစ်ယောက်ကို လက်ထပ်ယူမယ့်ကိစ္စကို ခပ်လွယ်လွယ်ပြောနေတဲ့အတွက် တမူး သိပ်ဘဝင်မကျဘူး။ မိုးကို လက်ထပ်ဖို့

ပြောနေတဲ့ သုံ့ဝေ့ဆီမှာ လေးနက်မှုတစ်ခုမှ မပါဘူး။

"ပေါင်းသင်းပြီးတော့ရော..."

"ငါရှင်းရှင်းပြောမယ် တမူး။ ငါ သူ့ကို လက်ထပ်တယ်ဆိုတာ သူ့ကို လိုချင်လို့မဟုတ်ဘူး။ သူ့နောက်က ဆက်တွဲပါလာမယ့် အမွေတွေကို လိုချင်လို့။ သူ့ဦးလေး ဘယ်လောက်ချမ်းသာတယ်လို့ မင်းထင်လဲ?"

တမူး မတွေးတတ်သဖြင့် ခေါင်းခါလိုက်မိတယ်လေ။ တမူးနဲ့ သုံ့ဝေတို့ ပြောနေကြတဲ့စကားတွေကိုတော့ ဒေါ်သစ်ခက်တို့ မိသားစုက စိတ်ဝင်တစားနဲ့ နားထောင်ပေးနေတော့တာပေါ့။

"သူ့ဦးလေးက ငါတို့မြို့ရဲ့ တစ်ခြမ်းလောက်ကို ဝယ်လိုက်နိုင်တဲ့ အထိ ချမ်းသာတာကွ။ နားလည်လား"

"မင်းက ငွေမက်လို့ သူ့ကို လက်ထပ်မှာဆိုတော့... မင်း သူ့ကို ကောင်းကောင်းပေါင်းသင်းမှာတော့ မဟုတ်ဘူးပေါ့"

"မင်းမှားနေပြီ။ ငါက သူ့ကို လက်ထပ်စာချုပ်မှာ လက်မှတ်ထိုးပြီးတာနဲ့ ပညာပြတော့မှာ။ နောက်ဆုံး သူ ရူးသွပ်သွားအောင် ငါက ဖန်တီးမှာ။ သူ ရူးသွားပြီဆိုတာနဲ့ သူ့ကို အရူးထောင်ကိုပို့မယ်၊ ပြီးတော့ ငါက သူ့အမွေတွေကို ကောင်းကောင်းစံစားမယ်။ နံ့ရံလေးဖက်ကြားမှာ ကြီးပျင်းလာရတဲ့မိန်းမတစ်ယောက်ကို ရူးသွားအောင်လုပ်ဖို့က သိပ်ခက်တဲ့ အလုပ်မှ မဟုတ်တာကွာ"

တမူးရင်ထဲ တော်တော်မကောင်းဖြစ်သွားတယ်။ တမူးဟာ ငွေမက်တာတော့မှန်တယ်။ ဒါပေမဲ့ အပြစ်မဲ့တဲ့ကောင်မလေးတစ်ယောက်ကို ဒီလို ရက်စက်ဖို့ လိပ်ပြာမသန့်ဘူးလေ။

"မင်း လုပ်ပေးရမှာက တစ်ခုတည်း။ သူ့စိတ်တွေ ငါ့အပေါ် ယိုင်လာ

အောင် ပြောပေးဖို့ပဲ။ ငါနဲ့ သူ တကယ်ယူဖြစ်ပြီဆိုရင် မင်းကိုငါ သိန်း ၁၀၀ လက်ငင်းပေးမယ်”

သိန်း ၁၀၀ ဆိုတဲ့ပိုက်ဆံက တမူးအဖို့ အိမ်မက်တောင် မမက်ဖူးတဲ့ ငွေပမာဏပါ။ ဒါပေမဲ့။

“တမူး… သိန်း ၁၀၀တဲ့။ မင်းလုပ်ပါလား”

အငယ်ကောင်က အားရဝမ်းသာနဲ့တိုက်တွန်းသလို ဘုတ်ဆုံက လည်း လုပ်လိုက်ဆိုတာချည်းပဲ။ မိန်းကလေးချင်း ကိုယ်ချင်းစာရမယ် ဆိုတဲ့ စိတ် ဘုတ်ဆုံမှာ လုံးဝမရှိတော့ဘူး။

“ငါ ငွေမက်တာတော့ မက်တယ်ကွာ။ ဒါပေမဲ့ သိပ်တော့ မလုပ်ချင် ဘူး”

“ဘာလဲ။ မင်းက ကြွတ်တာလား?”

“ကြွတ်တာ မဟုတ်ဘူး။ လိပ်ပြာမသန့်တာ”

သူ့စကားဆုံးတော့ စားပွဲဝိုင်းက လူတွေအားလုံး ငြိမ်ကျသွားတယ်။

“သား မလုပ်လို့ မရတော့ဘူး တမူး”

တော်တော်ကြာသွားတော့မှ ဒေါ်သစ်ခက်ဆီက အသံတစ်ခုထွက် လာတယ်။

“ဘာဖြစ်လို့လဲ အမေသစ်?”

“အမေသစ်တို့အခုနေနေတဲ့အိမ်ကိုပေါင်ပြီး အမေသစ်၂လုံးထိုးထား တာ။ မကြာခင် အိမ်က အပေါင်ဆုံးတော့မှာ”

“ဗျာ…တကယ်”

ဒေါ်သစ်ခက် အားနာစွာနဲ့ ခေါင်းညိတ်ပြတယ်။ အိမ်မရှိလို့ကတော့

လုံးဝမဖြစ်ဘူး။ ဒီမိသားစု ဘယ်မှာသွားနေမလဲ။

နောက်ပြီး အခုနောက်ပိုင်း ဒေါ်သစ်ခက် ကျန်းမာရေးကလည်း သိသိသာသာယုတ်လျော့လာတယ်။ ဖြစ်သလိုနေဖို့ကတော့ လုံးဝ မဖြစ်နိုင်ဘူး။

တမူး တော်တော်လေး ခေါင်းနောက်သွားတယ်။ ဘာပဲဖြစ်ဖြစ် တမူးက ကမ္ဘာမီးလောင် သားတောင်ချနင်းရမယ့်ကိန်းစိုက်ပြီ။ ကိုယ့်အရေးထက်တော့ သူများအရေးကို ဘယ်လိုမှ ဦးစားမပေးနိုင်ဘူး။

"တကယ်လို့ ကောင်မလေးက မင်းအပေါ် မယိုင်ခဲ့ဘူးဆိုရင်ရော"

"ဒါဆို ငါလက်လျော့လိုက်မယ်"

ဒေါ်သစ်ခက်ဆိုတာ သူ့ကို လမ်းဘေးက ကောက်ပြီးမွေးစားထားတာ။ မွေးစားတယ်ဆိုတာကလည်း သိပ်ချမ်းသာလွန်းလို့ မွေးစားထားတာမဟုတ်။ မရှိဆင်းရဲတဲ့ဘဝမှာတည်းက မွေးစားခဲ့ရတာ။ အဲဒီကျေးဇူးတွေကို သူမှပြန်မဆပ်ရင် ဘယ်သူ ဆပ်မှာလဲ။ ဒါ့ကြောင့် တမူးဆုံးဖြတ်ချက်တစ်ခုကို ပြတ်ပြတ်သားသားချလိုက်ရတော့တာပေါ့။

"မင်းပြောတဲ့အလုပ်ကို ငါလုပ်မယ်။ ဒါပေမဲ့ သိန်း ၁၀၀နဲ့တော့ မဟုတ်ဘူး။ သိန်း ၃၀၀ နဲ့။ ဈေးမဆစ်နဲ့"

"မဆစ်ဘူး။ အပိုဆုအဖြစ် မင်းအတွက် အဆင့်တန်းရှိပြီး စမတ်ကျတဲ့အဝတ်တွေကိုတောင် ငါက ဝယ်ပေးဦးမှာ"

*

သုံ့ဝေရဲ့ ထောက်ခံပေးမှုနဲ့ တမူးဟာ မိုးရဲ့ သက်တော်စောင့်အလုပ်ကို အလွယ်တကူပဲရလိုက်တယ်လေ။ သုံ့ဝေက မိုးနဲ့ ဦးမင်းမဟာရဲ့ ယုံကြည်မှုကို ရထားပြီးသားဆိုတော့ သုံ့ဝေလွှတ်လိုက်တယ်ဆိုတဲ့ စာတစ်စောင်က တမူးကို အလုပ်ရအောင် လုပ်ပေးလိုက်တယ်လေ။

တမူးအတွက် ဝတ်ဖို့ အဝတ်ကောင်းတွေကိုလည်း သုံ့ဝေကိုယ်တိုင်ပဲ စီစဥ်ပေးခဲ့တာပေါ့။

အမြဲဖြစ်သလို ဝတ်စားခဲ့တဲ့ တမူးက အခု စမတ်ကျကျလည်း ဝတ်စားလိုက်ရော တကယ့်လူသန့်လေးတစ်ယောက်ဖြစ်သွားတယ်လေ။ ပင်ကိုယ် ရုပ်ရည်ခံကလည်းကောင်းတော့ ပိုကြည့်ကောင်းသွားတာပေါ့။

“နာမည်က တမူးနော်”

တမူးခေါင်းညိတ်မိတယ်။ မိုးပန်းချီဆိုတဲ့ကောင်မလေးက ဖြူဖြူစင်စင်၊ နူးနူးညံ့ညံ့မျက်နှာထားလေး။

“ရှင်… ကျောင်းပြီးပြီနော်”

“ဟုတ်ကဲ့”

“အင်္ဂလိပ်ဝတ္ထု ဖတ်နိုင်လား”

တမူးက အင်္ဂလိပ်စာမပြောနဲ့ မြန်မာစာကိုတောင် စာတစ်ကြောင်းဖြောင့်အောင် ဖတ်တတ်တဲ့ကောင် မဟုတ်။

“ဖတ်… ဖတ်တတ်ပါတယ်”

တမူးက အင်္ဂလိပ်ဝတ္ထုဖတ်နိုင်တယ်လို့လည်းပြောရော မိုးက သူ့လက်ထဲက အဆင်သင့်ယူလာတဲ့ အင်္ဂလိပ်ဝတ္ထုတစ်အုပ်ကို တမူးဆီပေး

ပြီး ဖတ်ခိုင်းတယ်။ တမူးလည်း စာအုပ်ကို ခပ်တည်တည်နဲ့ဖွင့်တယ်။ ပြီးတော့ ပါးစပ်ထဲရှိရာ (ကြည့်ဖူးထားတဲ့ အင်္ဂလိပ်ကားတွေထဲက စကားတစ်လုံးကို) ပြောချလိုက်တယ်။ ပြီးတော့ ချက်ချင်းပဲ တမူး စာအုပ်ကို ပြန်ပိတ်လိုက်တယ်။

"ငါ စာဖတ်နိုင်မှ မင်းက အလုပ်ခန့်မှာလား"

"ပထမသက်တော်စောင့်က မိုးကို မမလေးလို့ ခေါ်ခဲ့တာ"

"ဒါပေမဲ့ မင်းက ငါ့ထက် ငယ်ပုံပေါ်ပါတယ်။ ဟုတ်တယ်မို့လား။ ငါက ငါ့ထက်ငယ်တဲ့လူကို မမလေးလို့ မခေါ်ချင်ဘူး"

"အရိုအသေပေးတဲ့သဘောနဲ့..."

"ငါ ဒီမှာ အလုပ်လာလုပ်တာ အရိုအသေပေးဖို့မဟုတ်ဘူးလေ။ မင်း အသက်ကို ကာကွယ်ဖို့။ အဲဒီတော့ ကျန်တာတွေ မလိုဘူးလို့ ငါတော့ ထင်တာပဲ"

သူ့စကားကို မိုးက သဘောကျသွားတယ်ထင်တယ်။ သူ့ကို သက်တော်စောင့်ရာထူးကို ခန့်လိုက်တယ်လေ။

ဒါပေမဲ့ မိုးက သူ့ကို စာချုပ်တစ်ခုမှာတော့ လက်မှတ်ထိုးခိုင်းတယ်။ အဲဒီစာချုပ်က တကယ်လို့ သူဟာ မိုးကို တစ်ခုခုလိမ်လည်ခဲ့သည်ပဲ ဖြစ်ဖြစ်၊ သစ္စာဖောက်ခဲ့သည်ပဲဖြစ်ဖြစ် ကျူးလွန်ခဲ့ပါက တည်ဆဲတရား ဥပဒေအတိုင်း အရေးယူခွင့်ရှိပါတယ်ဆိုတဲ့ စာချုပ်။ သူ အဲဒီစာချုပ်ကို လက်မှတ်ထိုးခါနီးမှာ လက်တွေ ဆတ်ဆတ်တုန်လာခဲ့တယ်။ ဒါပေမဲ့ ပေါက်တဲ့နဖူး မထူးတော့ဘူးဆိုတဲ့စိတ်နဲ့ သူ အဲဒီစာချုပ်မှာ လက်မှတ်ထိုးလိုက်ရတယ်။ သူ့ထက်အရင် သက်တော်စောင့်တွေလည်း အဲဒီလိုပဲ လက်မှတ်ထိုးခဲ့ရတယ်ဆိုတော့ သူလည်း ငြင်းလို့မရနိုင်တော့

ဘူးပေါ့။

တမူးနေရတဲ့အခန်းက မိုးအခန်းနဲ့ဘေးချင်းကပ်ပဲ။ မိုးအခန်းလိုတော့ မခမ်းနားဘူးပေါ့။ ကုတင်တစ်လုံး၊ အဝတ်ဘီရိုတစ်ခု၊ စာရေးစားပွဲတစ်ခုပဲ ရှိတယ်။ ဒါပေမဲ့ မိုးရဲ့အိပ်ခန်းကတော့ သိပ်ခမ်းနားတယ်။ အခန်းထဲမှာ ပြင်ဆင်ထားတဲ့ အရာတွေအားလုံး ပန်းရောင်တွေချည်းပဲ။

တမူးက မိုးရဲ့အိပ်ခန်းထဲအထိ ဝင်ခွင့်ရှိတယ်။ မိုးအိပ်ခန်းထဲမဝင်ခင် အရင်ဆုံး တမူးဝင်ရတယ်။ အိပ်ခန်းထဲမှာ အားလုံးစစ်ဆေးပြီးမှ မိုးကို ဝင်ခိုင်းတယ်။ မိုးစားမယ့်အစားစာတွေကိုလည်း တမူးက စစ်ဆေးပေးရသေးတယ်။ မိုးဘယ်သွားသွား တမူးက ဘေးက အမြဲလိုလို လိုက်ပေးရတယ်။ ဒါပေမဲ့ စာကြည့်ခန်းထဲကိုတော့ မလိုက်ရဘူး။ စာကြည့်ခန်းအဝမှာတင် ကျန်ခဲ့ရတယ်။

*

"မလုပ်ပါနဲ့။ ဟင့်အင်း... တောင်းပန်ပါတယ်။ မိုးတောင်းပန်ပါတယ်"

တမူးက မိုးရဲ့အိမ်ကို ပထမဦးဆုံး စရောက်တဲ့နေ့ရဲ့ ညဖက်မှာ အသံတစ်ခုကြောင့် တမူးနိုးသွားတယ်။ အဲဒီအသံက မိုးအခန်းထဲကလာတာ။ မိုးက ညဖက်ဆိုရင် အိပ်မက်ဆိုးတွေမက်လေ့ရှိတယ်လေ။ ပထမဦးဆုံး ညမှာတော့ တမူးဘာလုပ်ပေးရမှန်း မသိခဲ့ဘူး။ ဒါပေမဲ့ နောက်နေ့တွေကျတော့ မိုးကပြောတယ်။ အဲဒီလို အိပ်မက်ဆိုးတွေ မက်တဲ့အခါကျရင် တမူးက မိုးအိပ်ခန်းထဲကိုသွားပြီး မိုးစိတ်ငြိမ်သွားအောင် စိတ်ငြိမ်ဆေး

တိုက်ဖို့လေ။

*